၂၀၁၉ ခုနှစ် Reiwa ခေတ်သစ် နွေဦးတွင် နိုင်ငံခြားသားများအား ဘွဲ့တံဆိပ်များပေးအပ်ချီးမြှင့်ရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ဂျပန်ဘာသာဌာန ပါမောက္ခ ဌာနမှူး (ငြိမ်း) ဒေါ်စီစီရှိန်က ဘွဲ့တံဆိပ် လက်ခံရရှိခြင်း

၂၀၁၉ ခုနှစ် မေလ ၂၁ ရက်နေ့ (ဂျပန်စံတော်ချိန်)၌ ဂျပန်နိုင်ငံအစိုးရသည် ၂၀၁၉ ခုနှစ် Reiwa ခေတ်သစ် နွေဦးတွင် ဘွဲ့တံဆိပ်ရရှိသော နိုင်ငံခြားသားများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်၊ ဂျပန်ဘာသာဌာန ပါမောက္ခ ဌာနမှူး (ငြိမ်း) ဒေါ်စီစီရှိန်က ဘွဲ့တံဆိပ်လက်ခံရရှိခဲ့ပါသည်။ ဆရာမကြီးသည် မြန်မာနိုင်ငံ၌ ဂျပန်ဘာသာစကားလေ့လာမှုကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဂျပန်-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရေး ပိုမိုခိုင်မာလာစေရန် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သောကြောင့် ယခုနှစ်၏ "The Order of the Rising Sun, Gold Rays with Rosette" ဘွဲ့တံဆိပ်ကို လက်ခံရရှိခဲ့ခြင်း ဖြစ်ပါသည်။

ဘွဲ့တံဆိပ်အမည် ။ ။ "The Order of the Rising Sun, Gold Rays with Rosette"

လုပ်ဆောင်မှုများ ။ ။ မြန်မာနိုင်ငံရှိ ဂျပန်ဘာသာစကားလေ့လာမှုကို ဖွံ့ဖြိုးတိုးတက်စေရန် နှင့် ဂျပန်-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရေး ပိုမိုခိုင်မာလာစေရန် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ခြင်း

အမည် ။ ။ စီစီရှိန်

ရာထူးတာဝန်များ ။ ။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ဂျပန်ဘာသာဌာန ပါမောက္ခဌာနမှူး (ငြိမ်း)၊ မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းဥက္ကဋ္ဌဟောင်း

နေရပ်လိပ်စာ(နိုင်ငံသား)။ ။ ရန်ကုန်မြို့ မြန်မာနိုင်ငံသား

ဒေါ်စီစီရှိန်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော ဂျပန်ဘာသာသင်ဆရာမ ဖြစ်ပါသည်။

ဆရာမကြီးသည် ဂျပန်ဘာသာကို နှစ်ပေါင်း ၄၀ ခန့် သင်ကြားခဲ့ပြီး၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဂျပန်ဘာသာဌာန ဌာနမှူးအဖြစ် နှစ်ပေါင်း ၂၂ နှစ်ခန့် တာဝန်ထမ်းဆောင်ကာ မြန်မာနိုင်ငံ၌ ဂျပန်ဘာသာ စကားလေ့လာမှု ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်ခဲ့ပါသည်။

၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း (MAJA) ကို တည်ထောင်သည့် အဖွဲ့ဝင် ဖြစ်လာခဲ့ပြီး၊ ၂၀၁၄ ခုနှစ်မှစ၍ အသင်း၏ ဥက္ကဋ္ဌတာဝန်ကို ၄နှစ်တာထမ်းဆောင်ခဲ့ကာ အသင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။